နန္ဒာကျေးရွာ
ပုသိမ်ကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန္ဒာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | နန္ဒာကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ပုသိမ်ကြီးမြို့နယ် | |
| | နန္ဒာကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ပုသိမ်ကြီးမြို့နယ် | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | ( ခ) ကျေးရွာ မီးလင်းရေး | |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်းပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးယုံ သာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိယုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိ နိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဖြူဟာတည်ဆောက်မှုအခြေပြ ဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၂
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန္ဒာကျေးရွာ
ပုသိမ်ကြီးမြို့နယ်

ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာအုပ်စု၊ နန္ဒာကျေးရွာ၏ သယံဇာတပြမြေပုံ



## ၂. ပုသိမ်ကြီးမြို့နယ် ၊ နန္ဒာကျေးရွာအုပ်စု ၊ နန္ဒာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

နန္ဒာကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး ပုသိမ်ကြီးမြို့၏ အရှေ့တောင်ဘက်(၂၀/၄)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်နယ်နိမိတ်တွင် ဓနသိဒ္ဓိကျေးရွာ၊ အနောက်ဘက်နယ်နိမိတ်တွင် လှိုင်းပေါက်ကျေးရွာနှင့်မြောင်းဦးကျေးရွာ၊ မြောက်ဘက်နယ်နိမိတ်တွင် မတ္တရာမြို့နယ်ကံပိုင်ကျေးရွာနှင့် ပုသိမ်ကြီးမြို့နယ် ကန်လယ်ကျေးရွာနှင့်တောင်ဘက်တွင် နန္ဒာ(တ)ကျေးရွာတို့ တည်ရှိပါသည်။ အိမ်ထောင်စုအားဖြင့် (၄၉၁) ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ မန္တလေးမြို့ဖြစ်ပြီး ကျေးရွာ၏ကုန်စည်ဝန်ဆောင်မှုအချို့အတွက် မန္တလေးဈေးချိုဈေးနှင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ဈေးချိုနှင့်ဆက်သွယ်သောလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ဆိုင်ကယ်၊ကားများဖြင့်သွားရောက်ကြသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်ပြီး ပေ(၂၁၁၉)သာ ဂဝံ၊ကျောက်ကြမ်းလမ်းများအဖြစ်ကျန်ရှိနေပါသည်။ ဂဝံ ၊ ကျောက်ကြမ်းလမ်းများဖြစ်သဖြင့် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်းများရှိနေပြီးအဆိုပါကျန်ရှိလမ်းများအားကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါကပိုမိုအဆင်ပြေစွာနှင့်လုပ်ငန်းများခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင်တစ်ထောင့်တစ်နေရာမှအထောက်အကူဖြစ်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နန္ဒာကျေးရွာ၏ရာသီဥတုအခြေအနေမှာသာမာန်အားဖြင့် နွေရာသီတွင်အပူချိန်၄၀ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ် ရှိတတ်ပါသည်။ နန္ဒာကျေးရွာတွင် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေနှင့်ကိုင်းကျွန်းမြေ စုစုပေါင်း(၉၈.၆၁)ဧကရှိပြီး စပါးကိုသာအဓိကစိုက်ပျိုးကြပြီး ကုလားပဲကို အနည်းငယ်စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

နန္ဒာကျေးရွာတွင်လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော မြနန္ဒာလူမှုကူညီရေးအသင်းနှင့် ဘာသာရေးကို အခြေခံ၍ဖွဲ့စည်းထားသော အာယုဒါနဘုံဆွမ်းလောင်းအသင်း၊အဖွဲ့(၂)ဖွဲ့ရှိပါသည်။ ကျေးရွာ၏ သာရေး/ နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများ တွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများမှာ၄င်းတို့၏အခန်းကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်များကိုထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာအဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမို တိုးတက်ကောင်းမွန်လာနိုင်ပြီး လူငယ်များအကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးပါက ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

နန္ဒာကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။ ကုလားပဲကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ စပါးစိုက်ပျိုးချိန်တွင်ဆည်တော်ကြီးမြောင်းမှရရှိသော ရေသည် လုံလောက်မှုမရှိခြင်းနှင့် မျိုးစပါးစိုက်ပျိုးမှုနည်းပညာနည်းပါးသဖြင့် စပါးအထွက်နှုန်းနည်းပါးပါသည်။ သို့ဖြစ်ပါ၍ တောင်သူများစိုက်ပျိုးရေး ရေပြည့်မီလုံလောက်စွာရရှိရေးနှင့် မျိုးစပါးနည်းပညာရရှိရေးဆောင်ရွက် ပေးရန်လိုအပ်ပါသည်။

### (ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၂)စုရှိပြီးနွားကောင်ရေ(၃၅)ကောင်၊ ကျွဲမွေးမြူ ထားသည့် အိမ်ထောင်စု(၃)ရှိပြီး ကျွဲကောင်ရေ(၁၀)ကောင်၊ဆိတ် မွေးမြူထားသည့် အိမ်ထောင်စု(၁)စုရှိပြီးဆိတ်ကောင်ရေ(၂၅)ကောင်၊ ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၃)စုရှိပြီးဝက်ကောင်ရေ(၇)ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၇)စုရှိပြီး ကြက်ကောင်ရေ(၃၀)ကောင် နှင့် ဘဲမွေးမြူ ထားသည့် အိမ်ထောင်စု(၁)စုရှိပြီးဘဲကောင်ရေ(၁၀)ကောင်ရှိပြီး တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သောကြက်မွေးမြူသော အိမ်ထောင်စု(၄)စုတွင်ကြက်ကောင်ရေ(၅၀၀၀၀)ခန့်နှင့်ငါးမွေးမြူသည့်အိမ်ထောင်စု(၄)စုတွင် ငါးကောင်ရေ(၂၆၀၀၀၀)ကောင်ရှိပါသည်။နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများအားနည်းသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

နန္ဒာကျေးရွာတွင် လက်သမား၊ ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖြူ၊ ပန်းတိမ်၊ စက်ပြင်၊ ဝပ်ရှော့၊ ပရိဘောဂ၊စက်ရုံအလုပ်သမားများနှင့်ဆေးလိပ်လိပ်သူများနှင့်အခြားကျပန်းလုပ်ကိုင်သူ များရှိပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

နန္ဒာကျေးရွာတွင် လယ်ယာမြေများရှိသော်လည်း လယ်ယာမြေပိုင်ဆိုင်မှု အခက်အခဲများကြောင့်အစိုးရဘဏ်(မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသူတောင်သူ(၃)ဦးသာရှိပါသည်။ စီးပွားရေးကိုအခြေခံသောအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည့် ရွှေပြည်မဏ္ဍလာ ၊ စထာပနာ ၊ အလိုင်းရင့်စ် ၊ အဗန့်စ်၊ B.G အဖွဲ့ နှင့် J.B အဖွဲ့များရှိပြီးငွေကြေးလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။ရွှေပြည်မဏ္ဍလာငွေချေးအသင်းမှာ စချေးယူစဉ်တွင်ငွေကျပ်(၁၀၀၀၀၀ိ/-)မှစတင်ချေးယူနိုင်၍ အပတ်စဉ်ကြာသပတေးနေ့တိုင်း ပြန်လည်ပေးဆပ်ရပြီးအတိုး၊အရင်းပြန်လည်ပေးဆပ်ကြရပါသည်။ စထာပနာငွေချေးအဖွဲ့နှင့်အဗန့်ငွေချေးအဖွဲ့မှာ (၁)ဦးလျှင်ငွေကျပ်(၃၀၀၀၀ိ/- ၊ ၇၀၀၀၀ိ/- မှ ၈၀၀၀၀ိ/-)ထိချေးယူရရှိပြီး (၁)လတစ်ခါနှင့် (၁၀)လ ပြန်လည်ပေးဆပ်ကြရသည်။ အလိုင်းရင့်ငွေချေးအဖွဲ့မှာ ငွေကျပ်

(၁၅၀၀၀ဝိ/-)မှစတင်ချေးယူနိုင်ကြပြီး (၁)လ (၂)ကြိမ်ပေးဆပ်ကြရပါသည်။ B.G ငွေချေးအဖွဲ့မှာ ငွေကျပ် (၁၅၀၀၀ဝိ/-)မှစတင်ချေးယူနိုင်ကြပြီး (၁)လ(၄)ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း (၆၀၀ဝိ/-) ပြန်လည်ပေးဆပ်ကြရပါသည်။ J.B ငွေချေးအဖွဲ့မှာငွေကျပ် (၃၀၀၀၀ဝိ/-)မှစတင်ချေးယူနိုင်ပြီး(၁)လ(၁)ခါနှင့် (၂)နှစ်ပြန်လည်ပေးဆပ်ကြရပါသည်။ ငွေချေးအဖွဲ့အားလုံး၏အတိုးနှုန်းများမှာ ၁ ကျပ် ၅၀ ပြားများဖြစ်ပြီး အချို့ငွေချေးအဖွဲ့များမှ ချေးငွေရရှိရန်အတွက် အိမ်ထောင်စုဇယား၊ မှတ်ပုံတင်၊ ပတ်စ်ပို့ပုံများပေးကြရသော်လည်း အချို့ငွေချေးအဖွဲ့မှာ အိမ်အခြေအနေနှင့်လုပ်ငန်းအခြေအနေကိုသာကြည့်၍ ငွေချေးပေးကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

နန္ဒာကျေးရွာ၏ ရွာတွင်းလမ်းများသည် အများအားဖြင့် ကွန်ကရစ်လမ်းများဖြစ်ပြီး ဂဝံလမ်းနှင့်ကျောက်ကြမ်းလမ်းခင်းရန်ကျန်လမ်း ပေ(၂၁၁၉)ခန့်သာကျန်ရှိပြီး အဆိုပါလမ်းများမှာ မိုးရာသီတွင်ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်ပါသည်။ နန္ဒာကျေးရွာတွင် စက်ဘီး(၉၄)စီး၊ မော်တော် ဆိုင်ကယ် (၄၉၉)စီး၊ ထော်လာဂျီ(၉)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ကား(၄၂)စီးနှင့်နွားလှည်း(၂)စီးစသည်ဖြင့်သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်အသုံးပြုနေကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အားအသုံးပြုနိုင်သူ အိမ်ထောင်စု (၃၅၈)အိမ်ရှိပြီး ကျေးရွာအိမ်ထောင်စု၏ (၇၂.၉)ရာခိုင်နှုန်းရှိသဖြင့်လျှပ်စစ်မီးနှင့် ပတ်သက်၍သုံးစွဲနိုင်မှုများကြောင်းတွေ့ရပါသည်။ဆိုလာစနစ်အသုံးပြုသောအိမ်ထောင်စု (၂)စုနှင့် ဒီဇယ်အင်ဂျင်အသုံးပြုသော အိမ်ထောင်စု(၁)စုနှင့် အခြားနည်းအသုံးပြုသော အိမ်ထောင်စု (၁၃၀)စုရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

နန္ဒာကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၄၃၅)လုံး၊ ရေဒီယို (၄၄)လုံး၊ တီဗွီ(၃၉၅)လုံး နှင့်ဂြိုလ်တုစလောင်း(၂၆)ခုစသည်တို့မှရရှိပါသည်။ ကျေးရွာမှဖုန်းဖြင့် ဈေးကွက်လက်လှမ်းမီစွာ အသုံးပြုနိုင်ပါသည်။

## ၆။ ပညာရေး

နန္ဒာကျေးရွာတွင် အလယ်တန်းကျောင်းရှိသည့်အတွက် မူလတန်းနှင့် အလယ်တန်းပညာကို ကျေးရွာတွင်သာ အလွယ်တကူသင်ယူနိုင်ကြပါသည်။ အထက်တန်းပညာကို ကျေးရွာနှင့် (၁/၀)မိုင်ခန့် နန္ဒာတောင်အတွင်းရှိ အထက်တန်းကျောင်းများသို့ သွားရောက်သင်ယူကြရပြီး ကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ မူလတန်းအဆင့်ကျား/မ(၁၃၆)ဦး၊အလယ်တန်းအဆင့် ကျား/မ (၅၈)ဦး၊ အထက်တန်း အဆင့်ကျား/မ(၃၅)ဦးနှင့်တက္ကသိုလ်အဆင့် ကျား/မ(၁၇)ဦး စုစုပေါင်း ပညာသင်ကြားနေသူ ကျား/ မ(၂၄၆)ဦး ရှိပါသည်။ ကျောင်းတက်သည့် ကျောင်းသား/ကျောင်းသူဦးရေများပြား၍ ကျောင်းဆောင်လုံလောက်မှုမရှိ သဖြင့် အလယ်တန်းကျောင်းဆောင် (၂)ထပ်ဆောက်လုပ်ပေးရန်နှင့် ဆရာ/ဆရာမထပ်မံခန့်ထားပေးရန် လိုအပ်ကြောင်းတွေ့ရပါသည်။

အထက်တန်းကျောင်းကို နန္ဒာတောင်အတွင်းရှိအထက်တန်းကျောင်းများသို့လည်းကောင်း ငွေကြေးအဆင်ပြေသော မိဘများအနေဖြင့် မန္တလေးမြို့ရှိကိုယ်ပိုင်ကျောင်းများသို့လည်းကောင်း သွားရောက်အပ်နှံကြပါသည်။နန္ဒာတောင်ရှိအထက်တန်းကျောင်းများသို့တက်ရောက်သောကျောင်းသားများ အနေဖြင့်များသောအားဖြင့် စက်ဘီး၊ဆိုင်ကယ်များဖြင့်ကျောင်းတက်ရောက်ကြပါသည်။

ကျေးရွာတွင် စာမတတ်သူဦးရေ(၄)ဦး၊ မူလတန်းပြီးမြောက်သူ(၁၆၂၄)ဦး၊ အလယ်တန်းပြီးမြောက်သူ (၂၄၁)ဦး၊အထက်တန်း ပြီးမြောက်သူ(၁၃၆)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ (၅၇)ဦးရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။ ကျေးရွာမှာ အိမ်ထောင်စုများပြားသည့်ကျေးရွာဖြစ်ခြင်း ကျေးရွာရှိကလေးငယ်များပြားသည့်အတွက် မူကြိုကျောင်းဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ပါကလည်းကလေးငယ်များနှင့်မိဘများအတွက်ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

နန္ဒာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းအား ဆောက်လုပ်ပြီးစီးပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်ကျန်းမာရေးဦးစီးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့ပြီဖြစ်သော်လည်း ယခုချိန်ထိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဝန်ထမ်း Section ချထားပေးခြင်းမရှိသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများကို မန္တလေးမြို့သို့ သွားရောက်ကုသကြပါသည်။ ရောဂါကြီးများကိုလည်း မန္တလေးမြို့သို့ သွားရောက်ကုသကြသည်။ သို့ပါ၍ ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ပြီးစီးပြီး လွှဲပြောင်းထားပြီးဖြစ်သည့်အတွက် ကျန်းမာရေးဌာနခွဲဝန်ထမ်း Section ရရှိရေးဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။ ယခုအချိန်တွင် အခြားကူးစက်နိုင်သော Omicron Covid-19 ရောဂါများ အနည်းငယ်ဖြစ်ပွားသော်လည်း ရောဂါဖြင့်သေဆုံးမှုများမရှိကြပါ။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်း ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီတုတ်ကွေး၊ ဖျားနာခြင်းဖြစ်ပေါ်တတ်ပါသည်။

သောက်သုံးရေအတွက် အဝီစိတွင်းစက်တပ်တွင်း(၂၈၂)တွင်း ရှိပြီးအချို့အိမ်ထောင်စုများမှာ အတူတွဲ၍ သုံးစွဲကြပြီးသောက်သုံးရေအတွက် အခက်အခဲမရှိပါ။ သို့သော် အဝီစိစက်တပ်တွင်းများမှာ ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများမရှိသေးပါ။

သန့်ရှင်းသောယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စု(၄၇၀)စု နှင့် အိမ်သာမရှိသော အိမ်ထောင်စု(၂၁)စုရှိပါသည်။တချို့အိမ်ထောင်စုများ သည်စုပေါင်းသုံးစွဲကြပြီး အိမ်သာမရှိသည့် အိမ်ထောင်စု မှာ(၄.၃%)ဖြစ်သည့်အတွက် ကျန်းမာရေးအသိပညာ လက်လှမ်းမီကြောင်းတွေ့ရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် ဘာသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

နန္ဒာကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအနေဖြင့် အမှိုက်သိမ်းယာဉ်(၁)စီးရှိပြီး ကျေးရွာ၏ မီးရထားသံလမ်းဘေးတွင် မီးရှို့သည့်စနစ်ဖြင့် စနစ်တကျစွန့်ပစ်ကြသည်။ အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်သိမ်းဆည်းသော်လည်း အမှိုက်စွန့်ပစ်မှုစနစ်တကျရှိစေရေးအတွက် ကျေးရွာလမ်းဆုံများတွင် အမှိုက်ပုံးများထားရှိရန်လိုအပ်ပြီးအမှိုက်သိမ်းယာဉ်မှာလည်း လိုင်စင်မရှိ သေးသဖြင့်လိုင်စင်ရရှိစေရန် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းတွေ့ရပါသည်။ အမှိုက်များကိုကြာနီကန်တွင် စွန့်ပစ်ခွင့်ရရှိပါက ကျေးရွာအတွက် အဆင်ပြေလာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အထောက်အကူဖြစ်မည်ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

နန္ဒာကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေ အထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှု များတွင်ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိအမြင်လည်းရှိကြသည်။ နန္ဒာကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၂)ကျောင်းရှိ၍ ဘာသာရေးကိုယုံကြည်ကိုးကွယ်ကြသူများပြားပြီး ကုသိုလ်ကောင်းမှုများကိုလည်း စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ကြသည်။

## ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| | | | |
|---|---|---|---|
| **ကျေးရွာအုပ်စုအမည် နန္ဒာ** | | | **ကျေးရွာအမည် နန္ဒာ** |
| **စဉ်** | **ကဏ္ဍ** | **စီမံချက် ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းကျန်ရှိလမ်းများကွန်ကရစ်လမ်းဖြစ်မြောက်ရေး၊ |
| ၂ | ပညာရေး | ပညာရေး | ကျေးရွာအလယ်တန်းကျောင်း(၂)ထပ်ကျောင်းဆောင်ဖြစ်မြောက်ရေး၊ |
| ၃ | ပညာရေး | ပညာရေး | ကျေးရွာစာသင်ကျောင်း ဆရာ/ဆရာမလိုအပ်ချက်ပြည့်စုံရေး၊ |
| ၄ | ကျန်းမာရေး | ကျန်းမာရေး | ကျေးလက်ကျန်းမားရေးဌာနခွဲ ဝန်ထမ်း Section ရရှိရေး၊ |
| ၅ | ပညာရေး | ပညာရေး | မူကြိုကျောင်းလိုအပ်ချက် ရရှိရေး၊ |
| ၆ | အခြေခံအဆောက်အဦ | အခြေခံအဆောက်အဦ | ကျေးရွာအားကစားကွင်းရရှိရေး၊ |
| ၇ | ကျန်းမာရေး | ကျန်းမာရေး | အမှိုက်ကားမော်တော်ယာဉ် ဖြစ်မြောက်ရေး၊ |
| ၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေး | တောင်သူများစိုက်ပျိုးရေ ပြည့်မီရေး၊ |
| ၉ | စိုက်ပျိုးရေး | စိုက်ပျိုးရေး | တောင်သူများမျိုးစပါးနည်းပညာရရှိရေး၊ |
| ၁၀ | အခြေခံအဆောက်အဦ | အခြားအခြေခံအဆောက်အဦ | ကျေးရွာပိုင်ခန်းမ ဖြစ်မြောက်ရေး၊ |
| ၁၁ | ကျန်းမာရေး | ကျန်းမာရေး | အမှိုက်ပုံးများကျေးရွာလမ်းဆုံများတွင်ထားနိုင်ရေး၊ |
| ၁၂ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ကျေးရွာအတွင်း/အပြင် အရိပ်ရသစ်ပင်(ပန်းဥယျာဉ်ဖြစ်မြောက်ရေး)၊ |
| ၁၃ | လူမှုဖွံ့ဖြိုးရေး | လူမှုဖွံ့ဖြိုးရေး | လူငယ်များအကျင့်စာရိတ္တကောင်းမွန်စေရေးနှင့်မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ လိုအပ်ခြင်း၊ |
| ၁၄ | အခြေခံအဆောက်အဦ | အခြေခံအဆောက်အဦ | မီးသတ်စခန်းဌာနခွဲနှင့်မီးငြိမ်းသတ်ယာဉ်အကောင်အထည်ဖော်နိုင်ရေး၊ |

နောက်ဆက်တွဲ (၁)

## နန္ဒာကျေးရွာ၊ နန္ဒာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်အောင် | ဦးလွင် | ၉/ပသက(နိုင်) ဝ၄၂၂၁ဝ | ၅၅ | ဥက္ကဋ္ဌ | ဝ၉-၄၄၄ဝ၂၆၆၄၅ |
| ၂ | ဦးကျော်ကျော်ဝင်း | ဦးထွန်းကြည် | ၉/ပသက(နိုင်) ဝ၂ဝ၈၇၅ | ၆၂ | အတွင်းရေးမှူး | ဝ၉-၈၈၇၄၂၅၆၇ဝ |
| ၃ | ဦးကျော်စွာဦး | ဦးဝင်းမောင် | ၉/ပသက(နိုင်) ဝ၈၁၁၁၂ | ၄၄ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ဝ၉-၄၄၄ဝ၂ဝ၅ဝ၃ |
| ၄ | ဦးဝင်းမြင့် | ဦးသောင်းလွင် | ၉/မတရ(နိုင်) ၁ဝ၉ဝ၆ဝ | ၄၈ | ဘဏ္ဍာရေးမှူး | ဝ၉-၂၅၇၅၄၇ဝ၁၉ |
| ၅ | ဒေါ်မေဖူးမောင် | ဦးဇော်လင်း | ၉/ပသက(နိုင်) ၁၈၂၉၄၆ | ၂ဝ | စာရင်းကိုင် | ဝ၉-၆၆၈၇၆၅၇၁ဝ |
| ၆ | ဒေါ်ပိုးယွန်းဖြူ | ဦးကြည်လင် | ၉/ပသက(နိုင်) ၁၇၈ဝ၈၂ | ၁၉ | အဖွဲ့ဝင် | ဝ၉-၇၇၁၄ဝ၃၃၈ဝ |
| ၇ | ဒေါ်ဇင်လဲ့ဖြူ | ဦးအောင်ကိုစစ် | ၉/ပသက(နိုင်) ၁၈၂၉၃၂ | ၁၈ | အဖွဲ့ဝင် | ဝ၉-၆၈၈၃၅၄၉၆ဝ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၈ | ၃၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆၄ | ၅၈ | ၁၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁၁ | ၉၂ | ၂၀၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၉၅ | ၈၁ | ၁၇၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၂၅ | ၈၇၆ | ၁၆၀၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၃ | ၄၉ | ၈၁ | | |
| **စုစုပေါင်း** | | **၁၀၄၀** | **၁၁၇၄** | **၂၂၁၄** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၉၁** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင် အိမ်ထောင်စု(၄၉၁)စု နှင့် လူဦးရေ (၂၂၁၄) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သောငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၆.၉) ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားရွယ် (၉.၂) ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းသားအရွယ်(၇.၉)ရာခိုင်နှုန်း၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၂.၃)ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို(၃.၇)ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၇၂.၃) ရာခိုင်နှုန်း ရှိသောကြောင့်လူသား အရင်းမြစ်များစွာရှိသဖြင့်ကျေးရွာဖွံ့ဖြိုးရေး အတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၆၅ | | ၃၉ | ၂၆ | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၈ | | ၆ | ၂ | | မြင့် ☐လတ်☐ နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | ၄ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | ၄ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | ၃ | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၂၂ | | ၂၂ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၇၃ | ၃၇၉ | | ၃၇၇ | ၂ | | မြင့် ☐လတ်☐ နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၅ | | ၅ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၁၃ | | ၁၃ | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၄၀ | | ၁၅ | ၂၅ | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၁၃၆ | | ၁၁ | ၁၂၅ | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃ | ၆၁ | | ၁၇ | ၄၄ | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၄ | ၇၆ | | ၁၇ | ၅၉ | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၆ | | ၆ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | ၈ | | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | | | အမိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | | ၃ | | မြင့် ☐လတ်☐ နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | ၁ | | မြင့် ☐လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၄၉ | | ၁၉ | ၃၀ | | မြင့် ☐လတ်☐ နိမ့်☐ |
| | **စုစုပေါင်း** | **၄၉၁** | **၈၈၄** | | **၅၆၇** | **၃၁၇** | | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာ၏တောင်သူကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု(၄၀)သာ ရှိပြီး အခြားအလုပ်အကိုင်များမှာ လက်သမား၊ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖြူ၊ ပန်းတိမ်၊ စက်ပြင်၊ဝပ်ရှော့၊ပရိဘောဂ၊စက်ရုံအလုပ်သမားများနှင့်ဆေးလိပ်လိပ်သူများနှင့်အခြားကျပန်းလုပ်ငန်းများ ဖြင့်အသက်မွေး ဝမ်းကြောင်းပြုကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၅၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | ၈၀၀၀ | - | ၄၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး အဓိက အလုပ်အကိုင်များမှာ လက်သမား၊ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖြူ၊ ပန်းတိမ်၊ စက်ပြင်၊ဝပ်ရှော့၊ပရိဘောဂ၊စက်ရုံအလုပ်သမားများနှင့် ဆေးလိပ်လိပ်သူများနှင့်အခြားကျပန်းလုပ်သား များဖြစ်ကြပါသည်။ ကျေးရွာအတွင်းတွင် လယ်ယာလုပ်သားနေ့စားသမားများမှာ ထွန်ယက်စိုက်ပျိုးခြင်း အပါအဝင်တနေကုန်လုပ်အားခမှာ အမျိုးသားများအတွက် (၁၂၀၀၀ိ/- မှ ၇၀၀၀ိ/-) ရရှိပြီး အမျိုးသမီးများမှာ လုပ်ခလစာများအနေဖြင့်(၅၀၀၀ိ/-)သာရရှိပါသည်။ ဆောက်လုပ်ရေး လုပ်သား ကျွမ်းကျင်ပညာရှင်များမှာ(၁၅၀၀၀ိ/-) ၊ ကျန်လုပ်သားများမှာ (၈၀၀၀ိ/- နှင့် ၅၀၀၀ိ/-) ရရှိကြသည်။ ယာဉ်၊စက်ကိရိယာပြင်ဆင်သူများအနေဖြင့် (၁၀၀၀၀ိ/- မှ ၅၀၀၀ိ/-) ရရှိကြသည်။ ကျေးရွာရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်သော (ကျား/မ)အလုပ်သမားများမှာ လုပ်အားခအနေဖြင့် တလလျှင် စားစရိတ်ငြိမ်း(၅၀၀၀ိ/ မှ ၁၀၀၀၀ိ/-) ရရှိကြ၍ လုပ်ခလစာများတွင် အမျိုးသားများကပိုမိုရရှိ ကြပြီး ကျား/မ ကွာဟမှုရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၇၉.၆၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၈ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၉၈.၆၁** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုမှာ လယ်မြေ **(**၇၉.၆၁)ဧက၊ ယာမြေ **/** တောင်ယာမြေ (၁၀)ဧက၊ ဥယျာဉ်ခြံမြေ (၁) ဧက နှင့် ကိုင်း**/**ကျွန်းမြေ(၈) ဧက ၊ စုစုပေါင်း (၉၈.၆၁) ဧကရှိပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသ ာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ **(**ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။**)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသ ာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတ စ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သဘာဝအပင်မျိုးစိတ်များ **(နွားစာ၊ဆေးဘက်ဝင်အပင် များ)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ် များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ **(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ **(တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)** | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ်** … **ဦးတည်အုပ်စုဆွေးနွေးခြင်း** – **ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာအနီးတွင်သတ္တုနှင့်အခြားသယံဇာတများသဘာဝတိရစ္ဆာန် မျိုးစိတ်များ သဲ၊ ကျောက်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၉၈** | **၁၄၇** | **၂၂၁** | **၂၅** |

**ရင်းမြစ် ...** (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၉၈)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၄၇)စု၊မပြေလည်သောအိမ်ထောင်စု(၂၂၁)စုရှိပြီး အလွန်မပြေလည်သောအိမ်ထောင်စု(၂၅)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် တောင်သူကိုယ်ပိုင်လုပ်ကိုင်သူများ၊ အရောင်းအဝယ် ကိုယ်ပိုင်လုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများအနေဖြင့် လက်သမား၊ပန်းရံ၊ ချည်ကွေး၊ ဆေးသုတ်၊ သံပန်း၊ သံဖြူ၊ စက်ပြင်၊ ဝပ်ရှော့၊စက်ရုံအလုပ်သမားများနှင့် ဆေးလိပ်လိပ်သူများနှင့်အခြားကျပန်းလုပ်ငန်းများဖြစ်ပြီး ကျေးရွာတွင်းနှင့်မန္တလေးမြို့သို့ သွားရောက်လုပ်ကိုင်ကြသူအများစုဖြစ်ပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား= ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___<br>လုပ်အားခကြိုယူ = ___ |
| ၃လနှင့်၆လ ကြားဝမ်းစာ ဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___<br>လုပ်အားခကြိုယူ = ___ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___<br>လုပ်အားခကြိုယူ = ___ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။ လေ့လာတွေ့ရှိချက်။။**

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၃၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၃၈)စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၂)စုရှိပါသည်။

**(င–၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့်လိုက်လျောညီဖြစ်အောင် အစီအမံများ) |
|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | |
| ၁ | မြစ်ရေကြီးမှု | ✓ | | | |
| ၂ | ရေကြီးခြင်း | ✓ | | | |
| ၃ | မုန်တိုင်း | ✓ | | | |
| ၄ | ဆူနာမီ | ✓ | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | |
| ၇ | လျှင် | ✓ | | | |
| ၈ | အပူလွန်ကဲခြင်း | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့်လိုက်လျောညီဖြစ်အောင် အစီအမံများ) |
|---|---|---|---|---|---|
| ၉ | စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်မှု | ✓ | | | |
| ၁၀ | အအေးလွန်ကဲခြင်း | | ✓ | | |
| ၁၁ | မိုးသီးမုန်တိုင်း | ✓ | | | |
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | |
| ၂၂ | တီဘီရောဂါ | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | |
| ၂၄ | ကူးစက်ရောဂါ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့်လိုက်လျောညီဖြစ်အောင် အစီအမံများ) |
|---|---|---|---|---|---|
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။** (ဥပမာ။ **။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်**)

**လေ့လာတွေ့ရှိချက်။** ။နန္ဒာကျေးရွာတွင်ထိခိုက်သက်ရောက်မှုအနေဖြင့်အပူလွန်ကဲခြင်း၊အအေးလွန်ကဲခြင်း၊မိုးခေါင်ခြင်း၊စားနပ်ရိက္ခာမဖူလုံမှုနှင့်သဘာဝရင်းမြစ်ရှားပါးမှု၊ တီဘီရောဂါဖြစ်ပွားမှု အလယ်အလတ်ရှိပြီး ယခုအချိန်တွင်ကူးစက် ရောဂါဖြစ်ပွားနိုင်မှုအခြေအနေလည်းရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | ✓ | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျ | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | ရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း များ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | ✓ | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | ✓ | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | |

